## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှရရှိသောဝင်ငွေများအပေါ် အခွန်လွတ်ကင်းမှုများမဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်မှရသင့်ရထိုက်သောဝင်ငွေခွန်များရရှိစေရန်ရည်ရွယ်လျက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်နည်းလမ်း (သို့မဟုတ်) ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်ကောက်ခံမှုနည်းလမ်းဆိုသည်မှာ ငွေပေးချေသည့်အချိန်တွင် အခွန်ကိုတစ်ပါတည်းနုတ်ယူ၍ နိုင်ငံတော်သို့ပေးသွင်းရသောစနစ်တစ်ခုဖြစ်ပြီး အလုပ်ရှင် (သို့မဟုတ်) ငွေထုတ်ပေးရန်တာဝန်ရှိသူက ဖြတ်တောက်နုတ်ယူသူအဖြစ် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၃။ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ပါ သတ်မှတ်ချက်အရ **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များ** မှာအောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

**(က) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များ**

(၁) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံ ပေးချေရမည့်အခကြေးငွေဖြစ်ပါက ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို နုတ်ယူ၍ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း ငွေလက်ခံရရှိသူ (သို့မဟုတ်) ကျန်းမာရေးစောင့်ရှောက်မှုပေးသူအမည်ဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရန်၊

(၂) မိမိတို့လုပ်ငန်းတွင် အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအား လစာဝင်ငွေပေးချေခြင်းဖြစ်ပါက လစာခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်သည့်နည်းလမ်းအတိုင်းဆောင်ရွက်ရန်။

**(ခ) အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များ**

(၁) မိမိတို့ရရှိသည့်ဝင်ငွေနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာအခွန်ရုံးထံ ဝင်ငွေကြေညာလွှာတင်သွင်းရန်၊

(၂) ပင်ရင်းမှနုတ်ယူပေးသွင်းခဲ့ရသည့်ဝင်ငွေခွန်ကို စည်းကြပ်မှုအရကျသင့်ဝင်ငွေခွန်မှ ခုနှိမ်ပေးနိုင်ရေးအတွက် ငွေထုတ်ပေးရန် တာဝန်ရှိသူကပေးအပ်ထားသည့် ငွေသွင်းချလန်မူရင်းများကို စနစ်တကျသိမ်းဆည်းထားရန်။

၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်ကို ကျင့်သုံးခြင်းကြောင့် အခွန်ပေးဆောင်သူဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေခြင်း၊ အခွန်ဆိုင်ရာဥပဒေများအပေါ်လိုက်နာမှုအားကောင်းစေခြင်းကြောင့် ဒဏ်ကြေးမကျသင့်ခြင်းဟူသည့် အကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ပါသည်။

၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပိုမိုပြည့်စုံစွာသိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) တယ်လီဖုန်းနံပတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**